
သင်ခန်းစာ ၁-၁၂

# သခင့်စကား
ဝိညာဉ်ရေးစာစောင်

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည်၊ အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်စုံခြင်း၊ သန်လျက်ဓားကိုယက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ …. …. စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ ဟေဗြဲ ၄း၁၂

အမှတ်စဉ် ( ၁၂ )   ဩဂုတ်လ   ၂၀၁၂ ခုနှစ်   ဓမ္မပါဒ ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း တစ်စောင် ဖြန့်ဝေသည် )

# သမ္မာကျမ်းအဆိုအမိန့် များ နှင့် မြန်မာစကားပုံများ



## ၁။ အစ ကောင်းမှ အနှောင်း သေချာ။

ရောမဩဝါဒစာ ၁၁:၁၆။ ။ အဦးနယ်သော မုန့်စိမ်းသည်၊ သန့်ရှင်းလျှင်၊ တစ်ပုံလုံး သန့်ရှင်းလိမ့်မည်၊ အမြစ်သန့်ရှင်းလျှင်၊ အခက်အလက်များလည်း၊ သန့်ရှင်းကြလိမ့်မည်၊

## ၂။ ဆိုခဲ့ဆေး မြဲစေ။

ဒေသနာကျမ်း ၅:၅။ ။ သစ္စာဂတိပြု၍၊ ဝတ်ကိုမဖြေဘဲ နေသည်ထက်၊ သစ္စာဂတိ အလျှင်းမပြုဘဲ နေသော် သာ၍ ကောင်း၏။

ဆာလံကျမ်း ၂၂:၂၅။ ။ အကျွန်ုပ်သည်၊ မဟာ ပရိတ်သတ်အလယ်မှာ၊ ကိုယ်တော်ကို ချီးမွမ်း၍၊ ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့ရှေ့မှာ၊ သစ္စာဂတိထားသည်အတိုင်း၊ သစ္စာဂတိကိုဖြေပါမည်။

## ၃။ လူ မှာ ကတိ၊ မင်း မှာ သစ္စာ။

ရောမဩဝါဒစာ ၁၃:၃။ ။ မင်း မူကား၊ ကောင်းသောအကျင့်ကို ကျင့်သောသူ၊ ကြောက်ဘို့ဖြစ်သည်မဟုတ်၊ မကောင်း သော အကျင့်ကို၊ ကျင့်သောသူတို့၊ ကြောက်ဘို့ ဖြစ်၏။

ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂:၁၃၊ ၁၄။ ။ သခင်ဘုရား၏ မျက်နှာတော်ကို ထောက်လျက်၊ အထွဋ်အမြတ်တည်းဟူ သော၊ ရှင်ဘုရင်ဖြစ်စေ၊ လူဆိုးတို့ကို၊ ဒဏ်စီရင်စေခြင်းငှာ၄င်း၊ လူကောင်းတို့ကို ချီးမွမ်း စေခြင်းငှာ၄င်း၊ ရှင်ဘုရင်ခန့်ထားသော ဝန်မင်းဖြစ်စေ၊ လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏ အုပ်စိုးခြင်းကို၊ ဝန်ခံကြလော့။

ရှင်မဿဲခရစ်ဝင် ၅:၃၇။ ။ သင်၏စကားမှာ၊ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်၊ ဖြစ်စေကြလော့။ ဤထက် လွန်သော စကားသည်၊ မကောင်းသောအရာနှင့် စပ်ဆိုင်ပေ၏။

ရှင်ယာကုပ်ဩဝါဒစာ ၅:၁၂။ ။ ငါ့ညီအစ်ကိုတို့၊ ခပ်သိမ်းသောအမှုအရာတို့တွင်၊ ကျိန်ဆိုခြင်းကို သာ၍ ရှောင်ကြလော့။ ကောင်းကင်ဘုံကို၊ တိုင်တည်၍ မကျိန်ကြနှင့်။ မြေကြီးကို တိုင်တည်၍ မကျိန်ကြနှင့်၊ ထိုမှတစ်ပါး၊ အဘယ်ကျိန်ခြင်းအားဖြင့်မျှ မကျိန်ကြနှင့်၊ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ သင်တို့စကားမှာ၊ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကိုမဟုတ် ဖြစ်စေကြလော့။

## ၄။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း။

ရောမဩဝါဒစာ ၁၄:၅။ ။ နေ့ရက်တစ်ရက်ထက် တစ်ရက်၊ သာ၍မြတ်သည်မဟုတ်ဟု လူအချို့ထင်တတ်၏၊ လူအချို့မထင်။ လူတိုင်း မိမိစိတ်သဘောကျပါစေ။ နေ့ရက်ကို၊ စောင့်သောသူသည်၊ သခင်ဘုရားကို ထောက်၍ စောင့်၏၊ နေ့ရက်ကို မစောင့်သော သူသည်လည်း၊ သခင်ဘုရားကို ထောက်၍ မစောင့်ဘဲနေ၏။

## ၅။ ဒူး နေရာ ဒူး၊ ခေါင်း နေရာ ခေါင်း။

ရှင်မဿဲခရစ်ဝင် ၇:၆။ ။ ဖြူစင်သောအရာကို၊ ခွေးတို့အား မပေးကြနှင့်။ ပုလဲရတနာ တို့ကို၊ ဝက်တို့ရှေ့မှာ၊ မချမထားကြနှင့်။ သို့ပြုလျှင်၊ ထိုအရာတို့ကို ကျော်နင်း၍၊ သင်တို့ကိုလှည့်လျက်၊ ကိုက်ဖြတ်ကြလိမ့်မည်၊

ကောရိန္သုဩဝါဒစာ ပဌမစောင် ၉:၁၉။ ။ ငါသည်၊ အဘယ်သူ၏ ကျွန် မဖြစ်သော်လည်း၊ သာ၍များသောသူတို့ကို ရခြင်းအလိုငှာ၊ လူတစ်ကာတို့၏ ကျွန် ခံရ၏။

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၉း၂၀။** ။ ယုဒလူတို့ကို၊ ရခြင်းအလိုငှာ၊ ယုဒလူတို့၌၊ ယုဒလူကဲ့သို့ဖြစ်၏၊ ပညတ်တရားကို ကိုယ်တိုင် မဆည်းကပ်သော်လည်း ပညတ်တရားကို ဆည်းကပ်သောသူတို့ကို ရခြင်းအလိုငှာ၊ ပညတ်တရားကို ဆည်းကပ်သော သူတို့၌၊ ပညတ်တရားကို ကျင့်သောသူကဲ့သို့ဖြစ်၏။

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၉း၂၁၊** ။ ဘုရားသခင့်ရှေ့တော်၌၊ တရားမဲ့မနေ၊ ခရစ်တော်၏တရားကို ကျင့်သောသူ ဖြစ်သော်လည်း၊ ပညတ်တရားမဲ့သောသူတို့ကို ရခြင်းအလိုငှာ၊ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သော သူကဲ့သို့ဖြစ်၏။

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၉း၂၂။** ။ အားနည်းသောသူတို့ကို ရခြင်းအလိုငှာ၊ အားနည်းသောသူတို့၌ အားနည်းသောသူ ကဲ့သို့ဖြစ်၏၊ အချို့သောသူတို့ကို၊ တစ်ဖုံတစ်ဖုံသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလိုငှာ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်း သောအရာဖြစ်၏၊

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၉း၂၃။** ။ သင်တို့နှင့်အတူ ဧဝံဂေလိတရားကို ဆက်ဆံခြင်းအလိုငှာ၊ ဧဝံဂေလိတရားကြောင့် ထိုသို့ ငါပြုလေ့ရှိ၏။

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၀း၂၃။** ။ ငါသည်အပြစ်မသင့်ဘဲ၊ ခပ်သိမ်းသောအမှုအရာကို၊ ပြုနိုင်သည် မှန်စေတော့၊ ခပ်သိမ်းသော အမှုအရာကို ပြုသင့်သည်မဟုတ်။ အပြစ်မသင့်ဘဲ ခပ်သိမ်းသောအမှုအရာကို ပြုနိုင်သည် မှန်စေတော့၊ ခပ်သိမ်းသော အမှုအရာတို့သည်၊ သူတစ်ပါးကို တည်ဆောက်တတ်သည် မဟုတ်။

## ၆။ တံငါနှားနီး တံငါ၊ မုဆိုးနှားနီး မုဆိုး။

**ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၅း၃၃။** ။ အလွဲမယူကြနှင့်၊ မကောင်းသောသူတို့နှင့် ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသော အကျင့်မလေ့ ယိုယွင်းတတ်၏။

## ၇။ လူ့ ခေါ်ငြိုး နတ် မလိုက်နိုင်။

**ရှင်လုကာခရစ်ဝင် ၇း၃၃။** ။ အကြောင်းမူကား ဗတ္တိဇံဆရာ ယောဟန်သည် မုန့်ကိုမစား၊ စပျစ်ရည်ကို မသောက်ဘဲ လာသည်ရှိသော်၊ သင်တို့က၊ ဤသူသည် နတ်ဆိုးစွဲသော သူပါတကားဟု ဆိုကြ၏၊ လူသားသည် စားသောက်လျက် လာသည်ရှိသော်၊ ဤသူသည် စားကျူးသောသူ၊ စပျစ်ရည်သောက်ကျူးသော သူပါတကား၊ အခွန်ခံသောသူနှင့် ဆိုးသောသူတို့ကို မိတ်ဆွေဖွဲ့သော သူပါတကားဟု ဆိုပြန်ကြ၏။

## ၈။ တမွေး မြင်း တပေါင်သီး။

**ရှင်မဿဲခရစ်ဝင် ၇း၁၆၊** ။ ထိုသူတို့၏ အကျင့်ကိုထောက်၍၊ သူတို့၏သဘောကိုသိကြလိမ့်မည်၊

**ရှင်မဿဲခရစ်ဝင် ၇း၂၀။** ။ သို့ဖြစ်လျှင်၊ ကိုယ်ရောဂါဖက်တို့၏ အကျင့်ကိုထောက်သော်၊ သူတို့၏သဘောကို သိရကြလိမ့်မည်။

## ၉။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်။

**ရောမဩဝါဒစာ ၂း၂၄။** ။ အကြောင်းမူကား၊ ကျမ်းစာ၌ လာသည်နှင့်အညီ၊ တစ်ပါးအမျိုးသားတို့သည် သင်တို့အကျင့်ကို ထောက်၍၊ ဘုရားသခင်၏ နာမတော်ကို၊ ကဲ့ရဲ့တတ်ကြ၏။

## ၁၀။ ကြောင်သူတော်၊ ကြွက်သူခိုး။

**ရှင်မဿဲခရစ်ဝင် ၁၅း၇–၉၊** ။ လျှို့ဝှက်သောသူတို့၊ ဟေရှာယသည်၊ သင်တို့ကိုရည်မှတ်လျက်၊ ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏၊ လူတို့စီရင်သော ပညတ်တို့ကို သွန်သင်၍၊ နည်းဥပဒေသ ပေးလျက်ပင်၊ ငါ့ကို အချည်းနှီး ကိုးကွယ်ကြ၏ဟု နောက်ဖြစ်လတ္တံ့သောအရာကို လျောက်ပတ်စွာ ဟောခဲ့ပြီဟု၊ ပြန်၍ မိန့်တော်မူ၏။

**ရှင်မဿဲခရစ်ဝင် ၂၃း၂၈၊** ။ ထိုအတူ သင်တို့သည် အပြင်၌ လူတို့ရှေ့မှာ၊ ဖြောင့်မတ်ဟန်ရှိသော်လည်း၊ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရားသဖြင့် ကျင့်ခြင်းနှင့်၊ ပြည့်လျက်ရှိကြ၏။

**ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၁၁း၁၃။** ။ အကြောင်းမူကား၊ ထိုသူတို့သည်၊ ပိဿုတမန်တော် ဖြစ်ကြ၏။ ခရစ်တော်၏တမန် ဖြစ်ယောင် ဆောင်၍၊ လှည့်ဖြားတတ်သော အမှုစောင့်ဖြစ်ကြ၏၊

**တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၄–၅၊** ။ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍၊ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်၊

**တိတုဩဝါဒစာ ၁း၁၆၊** ။ သူတို့သည်၊ ဘုရားသခင်ကို သိယောင်ဆောင်သော်လည်း၊ အကျင့်အားဖြင့်၊ ဘုရားသခင်ကို ငြင်းပယ်ကြ၏။ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ နားမထောင်သောသူ၊ ကောင်းသောအမှုတစ်ခုကိုမျှ ပြုတတ်သောဥာဏ် မရှိသောသူ ဖြစ်ကြ၏။

**ရှင်ယောဟန် ဩဝါဒစာ ပဌမစောင် ၂း၄။** ။ ထိုသခင်ကို၊ ငါသိ၏ဟု ပညတ်တော်တို့ကို၊ မစောင့်ဘဲလျက် ဆိုသောသူသည်၊ မုသာကို သုံးသောသူ ဖြစ်၍၊ ထိုသူ၌ သစ္စာမရှိ။

## ၁၁။ ယုတ်ရင်ကျော်၊ ပုပ်ရင်ပေါ်။


**တိမောသေဩဝါဒစာ ပဌမစောင် ၅း၂၄၊၂၅၊** ။ အချို့သောသူတို့၏ဒုစရိုက်သည်၊ ရှေ့မဆွကထင်ရှား၍၊ အပြစ်စီရင်ခြင်းသို့ အရင်အဦး သွားတတ်၏။ အချို့သောသူတို့၏၊ ဒုစရိုက်သည်၊ နောက်သို့လိုက်တတ်၏။ ထိုနည်းတူ၊ အချို့သောသူတို့၏ သုစရိုက်သည်၊ ထင်ရှားနှင့်တတ်၏။ မထင်ရှားသေးသော သုစရိုက်ကိုလည်း၊ ဝှက်၍ မထားနိုင်၊

**စောမူးလယ်ထူး** (လက်ပံတန်း)

( ၁၈–၈–၂၀၀၂ နေ့တွင်ကျရောက်သော သမ္မာကျမ်းစာနေ့ အမှတ်တရ တင်ဆက်ဖော်ပြခြင်း ဖြစ်ပါသည်။ )

သခင့်စကား ရှင်သန်ရန်အတွက် စာမူများ ရေးသားပေးပို့ ၍ ပါဝင်ဆက်ကပ်နေသော ဝေဇပ ကလောင်ရှင် အပေါင်းတော်သောင်များ အားလုံးကို ဘုရားသခင် အလွန်ကောင်းကြီးပေးပါစေ။

ဆောင်းပါး



ယေရှုခရစ်တော် က ယုံကြည်သူ များကို ရွေးကောက်ထားတာဟာ တည်ကြည် သော အသီးကို သီးစေဖို့ဖြစ်ပါတယ်။ (ယောဟန် ၁၅ ) တစ်ခန်းလုံးကို ဖတ်ကြည့်မယ်ဆိုရင် အသက်တာမှာ တည်ဆောက်စရာ အများကြီးကိုတွေ့ရမှာ ဖြစ်ပါတယ်။ ခရစ်တော်ဟာ စပျစ်နွယ်ပင်ဖြစ်တဲ့အကြောင်း၊ ယုံကြည်သူတွေဟာ အကိုင်းအခက်တွေ ဖြစ်တဲ့အကြောင်း ဖော်ပြထားတာကို တွေ့ရပါလိမ့်မယ်။ ဘုရားရှင်က ကျွန်တော်တို့ရဲ့ ခရစ်ယာန်အသက်တာကို ယောဟန် ၁၅ မှာပါတဲ့ စပျစ်နွယ်ပင်လေးနဲ့ ဥပမာပေးထားပါတယ်။ ကျွန်တော်တို့ အသက်တာ ပြိုလဲနေတဲ့အချိန်၊ ဘုရားရှင်နဲ့ ဝေးကွာနေတဲ့ အချိန်တွေမှာ ဒီဥပမာလေးက ကျွန်တော့်ရဲ့ အသက်တာကို သွန်သင်လမ်းပြပေးခဲ့ပါတယ်။ နေ့စဉ်ရှင်သန်နေတဲ့ ခရစ်ယာန်အသက်တာမှာ စပျစ်နွယ်ပင်က ပင်စည်နဲ့ ဆက်သွယ်ထားရသလို ယုံကြည်သူတွေဟာလည်း ဘုရားရှင်နဲ့ အဆက်အသွယ်ရှိဖို့ အမိက အရေးကြီးပါတယ်။

ကျွန်တော်တို့ရဲ့ ခရစ်ယာန်အသက်တာမှာ ဘုရားရှင်နဲ့ တစ်ဦးချင်း မိတ်သဟာယ ဖွဲ့မှုမရှိရင် ဝိညာဉ်မျက်စိ ကန်းပြီး စာတန်က ကျွန်တော်တို့ရဲ့ အသက်တာကို အုပ်စိုးသွားနိုင်ပါတယ်။ ကျွန်တော့်ရဲ့ အသက်တာမှာလည်း ဘုရားရှင်နဲ့ အချိန်ယူမှုလျော့နည်းလာပြီး ဇာတိပိုင်းဆိုင်ရာဘက်မှာ အားကြီးလာတဲ့အခါ စစ်မှန်တဲ့ ခရစ်ယာန် အသက်တာ ပေါ်လွင်မှုမရှိတော့ဘဲ <u>ခရစ်ယာန်</u> ဘဝကနေ <u>ခရစ်ဟန်</u> ဘဝ ကိုရောက်ရှိသွားခဲ့ပါတယ်။ မိမိရဲ့ အသက်တာကို ပြန်လည်ဆန်းစစ်ပြီး ဘုရားရှင်နဲ့ ပြန်လည်အဆက်အသွယ်ရယူပါက မိမိရဲ့ ဟာကွက်များကို သိမြင်လာ ပါလိမ့်မယ်။ စပျစ်ခက်ဟာ ပင်စည်နဲ့ ဆက်သွယ်မှုရှိမှ၊ စိုပြေနိုင်သလို မိမိအသက်တာမှာလဲ ခရစ်တော်နဲ့ ဆက်သွယ်မှု ရှိမှသာ ဝိညာဉ်အသီး သီးနိုင်မှာဖြစ်ပါတယ်။ ဘုရားရှင်နဲ့ အဆက်အသွယ်မရှိတဲ့သူဟာ အသီး မသီးနိုင်တဲ့သူဘဲဖြစ်ပါတယ်။ ပါးစပ်ကဘုရားနဲ့ မိမိဘယ်လောက်ကျွမ်းဝင်မှုရှိတယ်ဆို လူတွေကို အပြောလေးနဲ့ သက်သေခံနေပေမဲ့ အဲဒီလူရဲ့ အသက်တာ မှာ ဝိညာဉ် အသီးတစ်လုံးမှ မတွေ့ ရရင် ဒီလူ ညာနေတာ သေချာပါတယ်။

အသီး နှစ်မျိုး နှစ်စားရှိပါတယ်။

[၁] အတွင်းသီး [ အလင်း] နဲ့

[၂] အပြင်သီး [ သတင်း] တို့ဖြစ်ပါတယ်။

အတွင်းသီး (အလင်း) ဆိုတာက တော့ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း တို့ဖြစ်ပါတယ်။ ဂလာတိ ၅း၂၂-၂၃

အပြင်သီး (သတင်း) ဆိုတာကတော့ (၁သက် ၂း၈) ပျောက်ဆုံးသောသူကို ဧဝံဂေလိဟောဖို့ဖြစ်ပါတယ်။

"သင်တို့သည် ငါ၌တည်၍" ဆိုတဲ့ စကားအရ (ယော၁၅း၇) တည်ပြီးသားအရာ (တည်မြဲသောအရာ) ပေါ်မှာ ရပ်တည်ဖို့ လိုပါတယ်။ အတွင်းသီးနဲ့ အပြင်သီး ၅၀ ရာခိုင်နှုန်းဆီ ညီတူညီမျှ ရှိရမှာဖြစ်ပါတယ်။

အာဗြံဟံရဲ့ အသက်တာမှာလည်း ဘုရားရှင်နဲ့ မိတ်သဟာယဖွဲ့မှု အမြဲတမ်းရှိတဲ့အတွက် ဘုရားရှင်က လူမျိုးကြီးဖြစ်စေပြီး ကောင်းကြီးပေးခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အသက်တာမှာ အတွင်းသီး ကောင်းဖို့လိုသလို အပြင်သီးလည်း ကောင်းဖို့လိုပါတယ်။ အသက်တာမှာ အလင်း လင်းဖြစ်ဖို့ရှိသလို သတင်း တိုလည်း ရှင်းဖြစ်ဖို့ရှိပါတယ်။


စပျစ်နွယ်ပင်ဟာ အသီးကလွဲပြီး အခြားဘာမှ အသုံးမဝင်ပါဘူး။ မိတ်ဆွေ ကျွန်တော်တို့ရဲ့ ယုံကြည်သူ အသက်တာမှာလည်း အသုံးမကျ ( အသီး မသီး ) တဲ့ စပျစ်နွယ်ပင် မဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် အသက်တာမှာ မှန်ကန်သော မိတ်သဟာယ၊ နေ့တိုင်း ဘုရားရှင်နဲ့ စကားပြောဖို့ လိုအပ်ပါတယ်။ ( ၂၀၀၂ ခုနှစ် SENTOSA FAMILY CAMP ၌ ရွှန်အားရရှိခဲ့သော ဒေသနာ အား ပြန်လည် ဝေမျှခြင်းဖြစ်ပါသည်။)

[ရေစိမ်း]

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ဒစရိုက် လက်ချောင်းများ







မပျော်လင့်သော တစ်နေ့မှာ...
တစ်ချိန်က ပျော်လင့်ခဲ့ဖူးသူ တစ်ယောက်ကို
Sir Building အောက်မှာ
အမှတ်မထင်...
ဖော်ရွေတဲ့ နှုတ်ဆက်စကားသံလေး
နွေးထွေးသော အပြုံးလေးများ နှင့်အတူ
ပြန်လည် ဆုံတွေ့ ခဲ့ရပါတယ်

ကျွန်တော်က သူ့အကြောင်း မေးနေချိန်မှာ
သူကလည်း (--) အကြောင်း ပြန်မေးခဲ့ပါတယ်
ကျွန်တော်ဟာ သူ့ကို စိတ်ဝင်တစား ငေးမောကြည့်နေချိန်မှာ
သူကတော့ (--) ကို အာရုံပြု ရှာဖွေနေရဲ့
သူရှာဖွေတဲ့ (--) ကို ကျွန်တော်သိကြောင်း ပြောပြတော့
မိတ်ဆက်ပေးဖို့နဲ့ လိုက်တွေ့လိုကြောင်း ပြောလာပါတယ်။
ကျွန်တော်လည်း သူ့ရဲ့ တောင်းဆိုမှုအတိုင်း
ချိန်းချက်ပြီး တက်ကြွစွာနဲ့ဘဲ မိတ်ဆက်ပေးလိုက်ပါတယ်။

ကျွန်တော့်ရဲ့ ဆိုးညစ်တဲ့ အတွေးစ တစ်ချို့နဲ့

ဒစရိုက် လက်ချောင်းလေးများကို အားကိုးရင်း
SMS ပို့လိုက်မိရာက သူသွားချင်တဲ့ (--) ဆီကို
လမ်းပိတ်ကာ တားဆီး
သူ့ခြေလှမ်း သူ့အတွေးတွေကို
တုံ့ဆိုင်းသွား စေရုံမကဘဲ
(--) နဲ့မပေးအောင်၊ (--) နဲ့ အဆက်ပြတ်အောင်လည်း
ကျွန်တော့်ရဲ့ ဆန္ဒကို ရေ့တန်းတင်ခဲ့မိပေါ့ ...

တကယ်တော့ သူရှာဖွေတာ၊ သူချစ်တာဟာ
ကျွန်တော် မဟုတ်မှန်း၊ ကျွန်တော်နဲ့ မထိုက်မှန်း
ကျွန်တော့် ဦးနှောက်ထဲ အလင်းစတစ်ချို့ ဝင်ရောက်လာချိန်မှာ
ကျွန်တော်ဟာ ရောင်တနဲ့အတူ (--) ရှေ့မှာ ဒူးထောက်ကာ
(--) အလိုကို ပန်ဆီတတ်ဖို့နဲ့
အပြစ်ကို ခွင့်လွှတ်ဖို့ ၊ တိုးလျှိုးနေခဲ့မိပေါ့
သူ့ကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်ရင်း
ကျွန်တော်ဟာ အခွင့်အရေးသမား မဟုတ်
ကားတိုင်ဖျက်သူ မဟုတ်ကြောင်း
ကားတိုင်လမ်း သို့ပို့ပေးရန် တာဝန်သာရှိကြောင်း
သူ့ကို သိစေချင်ပါသည် ... ...


[ ငြိမ်းကိုမင်း ]

သခင့်စကား စာစောင် ရှင်သန်ရန် ထုတ်ဝေခဲ့ရာ စာစောင်စဉ် ၁၂ အထိပိုင်စောင် ဖိုဆောင်ပေးခဲ့သည့်အတွက် ဘုရားရှင်၏ ကျေးဇူးတော်ကို ကျေးဇူးချီးမွမ်းပါသည်။
သခင့်စကား စာစောင် ဖြန့်ဝေပေးသူများ၊ ငွေကြေးလှူဒါန်းသူများ၊ ဆုတောင်းပေးသူများ၊ ဖတ်ရှုအားပေးသူများ၊ ပံ့ပိုးပေးသူများအားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

သင်ခန်းစာ ၄-၁၂



# ကျွန်မ၏အဖိုးထိုက်ဆုံးလက်ပတ်နာရီ



"ကလင်… ကလင်… ကလင်" "ဟဲလို… ဂွတ်ဒ် မောနင်း" လို့ ကျွန်မ ယဉ်ယဉ်ကျေးကျေး ပြန်ထူးလိုက်ပါတယ်။ တစ်ဖက်ကလဲ "ဟဲလို… အဒေး အေးမီ လား" "ဟုတ်… ဟုတ်တယ် အကိုး" စောစောစီးစီး ရန်ကုန်က အစ်ကိုဝမ်းကွဲရဲ့ အသံကို တယ်လီဖုန်းထဲကနေ ကြားလိုက်ရတော့ တခုခုတော့ ထူးပြီဆိုတာ ကျွန်မစိတ်ထဲက အလိုလို သိလိုက်တယ်။ "စိတ်ရိုင်ရိုင်ထားနော် ညီမ၊ အပါး ဆုံးပါးသွားပြီ" မနက်စာ စားဖို့ကိုင်ထားတဲ့ ပန်းကန်ပြားကြီး "ခွမ်း"ကနဲ လွတ်ကျသွားတဲ့အတွက် ကြမ်းပြင် ပေါ်မှာ ကြွေပန်းကန်ကွဲစ တွေ ပြန့်ကြဲလို့ နေပါတော့တယ်…

"အပါး" လို့ ကျွန်မ အမြတ်တနိုး ခေါ်လေ့ရှိတဲ့ ကျွန်မရဲ့ ဦးလေးဟာ ကျွန်မကို အရမ်းချစ်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ဦးလေးဟာ ဘာသာတရား ကိုင်းရှိုင်းသူ၊ အကျင့်စာရိတ္တမြောင့်မတ်သူ၊ လူချစ်လူခင်ပေါများသူအဖြစ် ကျွန်မရဲ့ ဘဝမှာ စံနမူနာယူထိုက်တဲ့သူ ဖြစ်ပါတယ်။ ဘုရားရှင်နဲ့ မွေ့လျော်သူပီပီ တစ်နေ့သုံးကြိမ်မှန်မှန် မိသားစုဆုတောင်းစည်းဝေး ပြုလုပ်ခဲ့ပါတယ်။ တစ်ခါတစ်လေ တီဗီ က စတိတ်ရှိုး၊ ဇာတ်လမ်း၊ အထူးအစီအစဉ် တခုခုပြလို့ ကျွန်မတို့ ကြည့်ချင်ရင် စောစော ဘုရားရှိခိုးဖို့ (သို့) တီဗီအစီအစဉ်ပြီးမှ ဘုရားရှိခိုးဖို့ ခွင့်တောင်းတဲ့အခါ အပါးက "ကောင်းပြီလေ၊ ဘုရားရှင်က အချိန်တိုင်း တံခါးဖွင့်ထားတယ်။ တီဗီက သူ့အချိန်နဲ့သူ ဆိုတော့ ဘုရားစောစော ရှိခိုးကြတာပေါ့" ဟုပြောတတ်လေ့ရှိရာ ပျော်ပျော်နေတတ်သော ဦးလေးတွင် နှလုံးရောဂါရှိမှန်း ကျွန်မ မသိခဲ့ပါ။ သူ့ရဲ့ ကရုဏာမှုနဲ့ အဖက်ဖက်က တိုးတက်အောင် လေ့ကျင့်ပေးမှုကြောင့် မွေးဖခင်တစ်ယောက် မဟုတ်ပေမဲ့ ကျွန်မက အပါး လို့ မြတ်မြတ်နိုးနိုးခေါ်ပြီး ဖခင်အရင်းလို ချစ်ခဲ့ရပါတယ်။ အခု အပါး နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားကြောင်း သိလိုက်ရတဲ့အခါ ကျွန်မ ရင်နင့်စွာ ခံစားရပါတယ်။

ခင်ကာပူ မထွက်လာခင်က အပါး ကျွန်မကို လက်ဆောင်အဖြစ် ပေးလိုက်တဲ့ လက်ပတ်နာရီလေးကို ကျွန်မရဲ့ဘီရို၊ လက်ဆွဲသေတ္တာ၊ ခရီး ဆောင်အိတ်အနှံ့ အမောတကော လိုက်ရှာမိပါတယ်။ "ရှောမ ရောက်တော့ ရှောမ လိုကျင့်" ဆိုတဲ့ စကားအတိုင်း စင်ကာပူရောက်လာတော့ ဒီမှာခေတ်စားတဲ့ ဒီဇိုင်းလှလှ နာရီလေးတွေကို ရွေးပတ်မိတဲ့ ကျွန်မဟာ အပါး လက်ဆောင် ပေးထားတဲ့ နာရီလေးကို ဘယ်မှာထားမိမှန်း မသိတော့ပါဘူး။ အပါးရဲ့ စေတနာ၊ အပါးရဲ့ မေတ္တာတွေနဲ့ ဖွဲ့စည်းထားတဲ့ နာရီလေးကို ကျွန်မ မပတ်ဘဲ၊ ပစ်ထားမိတာကို သိခဲ့ရင် အပါး ရင်ကျိုးရချည်ရဲ့၊ ခွင့်လွှတ်ပါ အပါး ရယ်၊ ဒီနေ့ကစပြီး အပါး ပေးလိုက်တဲ့ လက်ပတ်နာရီလေးကို သမီးအေမီ အမြဲတမ်း ပတ်ထားပါ့မယ်၊ ကတိပေးပါတယ် အပါးရယ်…

နာရီတွေမှာ CITIZEN၊ OMEGA အစရှိတဲ့ အမျိုးအစား အမျိုးမျိုးရှိသလို တန်ဖိုးအနဲဆုံး ဒေါ်လာပေါ်လာတောင်နဲ့ သောင်းနဲ့ ချီပြီး ပေးဝယ်ရတဲ့ နာရီ အမျိုးမျိုးရှိပါတယ်။ ဒါပေမဲ့ ကျွန်မ စင်ကာပူကို ထွက်လာခါနီး လက်ဆောင်အဖြစ် အပါး ပေးလိုက်တဲ့ လက်ပတ်နာရီလေးကတော့ ကျွန်မအတွက် ရွှေငွေတွေနဲ့ ပေးဝယ်လို့မရတဲ့ သူ့ရဲ့ အနိုင်းမဲ့မေတ္တာတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖိုးထိုက်ဆုံး လက်ပတ်နာရီလေး ဖြစ်ပါတယ်။ "သိသူ ဖော်စား၊ မသိသူ ကျော်သွား" ဆိုတဲ့ စကားအတိုင်း ကြံ့ခိုင်ကြံ့ခံ ဟောဒီ နာရီလေးကို လက်ဆင့်ကမ်းပြီး ချစ်သောမိတ်ဆွေကို လက်ဆောင်ပေးပါရစေ။ မိတ်ဆွေလဲ မိမိရဲ့ အချစ်ဆုံးသူ ဒါမှမဟုတ် ပေးချင်သောသူ တစ်ယောက်ယောက်ကို လက်ဆင့်ကမ်း ပေးလိုက်နိုင်ပါတယ်။ သားစဉ်မြေးဆက် မပြောနဲ့ ကမ္ဘာအဆက်ဆက် မပျောက် မပျက် အသုံးတော်ခံ၊ အသုံးဝင်မဲ့နာရီမျိုး ဖြစ်ပါတယ်။ ဟောဒီ လက်ပတ်နာရီ WATCH ဆိုတာကတော့… … …

* W - WORK [အလုပ်ဟူသမျှ ကြိုးစား ရိုးသားမှု]

"A close mouth eaches no flies " ဆိုတဲ့ စကားပုံလေးအတိုင်း ကျွန်တော် ကျွန်မတို့ နေ့စဉ်နဲ့အမျှ သမ္မာရှာ ဝမ်းတထွာ အတွက် လုပ်ဆောင်ကြရပါတယ်။ ရိုးသားစွာဖြင့် ကြိုးစားလုပ်ကိုင် စားသောက် မှသာ အောင်မြင်နိုင်သလို " Resting our oars is drifting back wards" (လှော်တက် များကို အနားပေးလိုက်ခြင်းသည် နောက်ပြန် လှော်ပြော ခြင်းတည်း) ဆိုတဲ့ အသိစိတ်ဓါတ်ကို ခိုင်ခိုင်မာမာ ရင်ဝယ်ပိုက်ပြီး ကြိုးစားရပါမယ်။

သုတ္တံကျမ်း ၆း၆ … အချင်းလူပျင်း၊ ပုရွက်ဆိတ်ထံသို့ သွား၍ သူ၏ အပြုအမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့။

သုတ္တံ ၁၀း၄–၅ ပျင်းရိသောသူသည် ဆင်းရဲခြင်း၊ လုံ့လဝီရိယ ရှိသော သူသည် ကြွယ်ဝခြင်းသို့ ရောက်တတ်၏။

* A - ACTION (အပြုအမူ အနေအထိုင် ချင့်ချိန်မှု)

"A man's deed is the touchstone of his greatness or littleness" (လူတစ်ယောက်၏ အပြုအမူသည် ထိုသူ၏ ဖြောင့်မတ်ခြင်း၊ (သို့) ယုတ်ညံ့ခြင်း ကိုပြသော မှတ်ကျောက်ဖြစ်၏) ရှင်မဿဲ ၅း၁၃–၁၄ သင်တို့သည် လောက၏ဆား၊ လောက၏အလင်း။ မဿဲ ၅း၁၆ သူတပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ ရှိသော သင်တို့အဖ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သူတပါးရှေ့၌ သင်တို့၏ အလင်းကို လင်းစေကြလော့။

* T - THOUGHT (တွေးခေါ်မြော်မြင်မှု)

"Every man is the architect of his own fortune" "ကိုယ့် ကံကြမ္မာ ကိုယ်ဖန်တီး" ဆိုတဲ့အတိုင်း တွေးခေါ်ကြံဆမှုဟာ အရေးကြီးတဲ့ အရာတခုဖြစ်ပါတယ်။ "Great thought makes great man" ကျွန်တော်၊ ကျွန်မတို့ မြင့်မြတ်စွာတွေးခေါ်ကြံဆမှသာ မြင့်မြတ်သော လူကောင်းသူကောင်း ဖြစ်လာမှာဖို့ မြင့်မြတ်စွာ တွေးခေါ်မြော်မြင်တတ်အောင် (သုတ္တံ ၈း၁၄ အကြံပေးနိုင်သော အစွမ်းနှင့် ပညာရတနာသည် ငါ၌ရှိ၏) ဆိုတဲ့ ဘုရားရှင်ရဲ့ ကတိတော်မြွက်ကို ယုံကြည်ခိုလှုံပြီး ဉာဏ်ပညာ တိုးပွားနိုင်ကြပါစေ။

* C - COMPENTION (အပေါင်းအသင်း ဆက်ဆံမှု)

သုတ္တံ ၁၈း၂၄ အပေါင်းအသင်း များသောသူသည်၊ အကျိုးနည်း ရှိတတ်၏။ မိတ်ဆွေမှုကား ညီအစ်ကို စွဲကပ်သည်ထက် သာ၍ စွဲကပ်တတ်၏။

"A false friend is wore than an enemy"

"မိတ်ဆွေတု သည်၊ ရန်သူထက် ပို၍ ကြောက်ရသည်။"

"A real friend will not leave you to face trouble alone"

"သင့်ရဲ့ ဒုက္ခကို တစ်ယောက်တည်း ကြိတ်မှိတ်ခံဖို့ သင့်ရဲ့ မိတ်ဆွေစစ်က အခွင့်မပေးပါ"

သုတ္တံ ၁၃း၂၀ ပညာရှိတို့နှင့် ပေါင်းဖော်သောသူသည်၊ ပညာရှိတတ်၏။ လူမိုက်တို့နှင့် ပေါင်းဖော်သော သူမူကား ပျက်စီးတတ်၏။

* H - HUMILITY (ကိုယ်ချင်းစာနာ ထောက်ထားမှု)သုတ္တံ ၁၁း၂၇ သူ့အကျိုးကို ဖျက်ခြင်းငှာ ရှာကြံသောသူမူကား ကိုယ့်အကျိုး ပျက်ခြင်း ရှိလိမ့်မည်။

မည်သူမဆို စာမူများ၊ ရေးသားပေးပို့ နိုင်ပါသည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏနှင့် ငြိစွန်း၊ ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။
ရောက်ရှိလာသော စာမူများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားပါမည်။

"Do not do things to other people that you would not like done to you" သင့်အပေါ် မကျရောက် ချင်တဲ့ ဘေးအန္တရာယ်ကို သူတပါးအား မပေးပါနဲ့။
သုတ္တံ ၁၁း၂၅ သူတပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်း အကျိုးကို ခံရလိမ့်မည်။

ချစ်တဲ့မိတ်ဆွေ… နာရီတကာထက် တန်ဖိုးမဖြတ်နိုင်တဲ့ ဒီအချိုးထိုက်ဆုံး မေတ္တာလက်ပတ်နာရီလေးကို ဝတ်ဆင်ပြီး သွားလေရာအရပ်မှာ ထာဝရဘုရားကို မျက်မှောက်ပြုပြီး အောင်မြင်မှုအခွင့်ပေါင်း ဆွတ်ခူးနိုင်ပါစေကြောင်း ဆန္ဒပြု ဆုတောင်းပေးလိုက်ပါတယ်။ ။ အံ့ဘမင်
( ဝံ့မေယလ ကဲ့သို့ တစ်နေ့ သုံးကြိမ် ဒူးထောက်ကာ ဆုတောင်းခြင်း အသက်တာဖြင့် စံနမူနာပြခဲ့သော ပြည်သူ့အချစ်တော် ပုသိမ်မြို့မှ "အပါး" ကိုသတိရ ဂုဏ်ပြုလျက်… သူ၏ဆိုဆုံးမမှု များစွာထဲမှ တစ်ခုကို မှီငြမ်း ဝေငှလိုက် ရပါသည်။) ရေစ်တော်၌ … နော်အေးမီထွန်း ( GRACE FAMILY )

# သူ့အလိုကိုယ့်အလို



"ဘုန်း" ကျောပိုးအိတ်ကို ပစ်ချကာ စိတ်ပင်ပန်းစွာဖြင့် ကုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ညနေ ၄ နာရီ ခွဲတော့မည်။ ဒွေး တစ်နေကုန် ဘာမှမစားရသေးပါ။ မနက်စောစော ၇ နာရီ အရောက် အလုပ်သို့ သွားရသည်မို့ မနက်စာစားဖို့ အချိန်မမှီခဲ့သလို အိပ်ရေးလဲ မဝခဲ့ပါ။

"လူတွေများ နေနိုင်လွန်းတယ်" ဟု စိတ်ထဲတွင် တွေးရင်းတစ်နေ့တာ စိတ်ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသည်ကို ပြန်လည်တွေးတောကာ အမောဖြေ နေမိသည်။ ဒီနေ့ တစ်နေ့လုံး ဒွေး ပင်ပန်းခဲ့ပါသည်။ တစ်နေကုန် အလုပ်များ ခဲ့သည်။ ဒွေး တာဝန်ကျသော ဌာနမှာ အသည်းအသန်ရောဂါ၍ အသက်အန္တရာယ် စိုးရိမ်ရသော လူနာများကို ကြည့်ရှုရသည့် ဌာနဖြစ်သည်။ များသောအားဖြင့် လူနာများမှာ ခွဲစိတ်ပြီးခါစ လူနာများဖြစ်သည်။ ဒီနေ့ ဒွေး ကြည့်ခဲ့ရသော လူနာများမှ အချို့သောသူများမှာ ခွဲထားသောနေရာတွင် သွေးထွက်လွန် နေသောကြောင့် သွေးတိတ်ရန် ပြုလုပ်ပေးရသလို၊ တစ်ချို့မှာ သွေးနီဥနည်း၍ သွေးရှာယူကာ သွင်းပေးခဲ့ရသည်။ သွေးပေါင်ချိန်ကျနေသော သူများကိုလည်း အားဆေးသွင်းပေး ခဲ့ရပြန်သည်။ စိတ်ကယောင်ချောက်ခြား ဖြစ်နေသောသူများက မိမိတို့ကိုယ်တွင် တပ်ဆင်ထားသော အပ်နှင့် သွေးပိုက်များကို ဆွဲဖြုတ်လိုက်သဖြင့် ကုတင်တစ်ခုလုံး သွေးများပေကျံသွားသောကြောင့် သန့်ရှင်းရေး ပြုလုပ်ခဲ့ရသေးသည်။ ဒွေး နှင့်တွဲဖက်တာဝန်ကျသော ဆရာမသည် ဒွေး ကိုကူလုပ်ပါသည်။ လို့သော် တာဝန်ကျသော ဆရာမနှစ်ယောက် အကူနှစ်ယောက်သာ ရှိသော ဌာနတွင် လူနာ ၁၀ယောက်ကို ပြုစုရခြင်းမှာ အလွန်ပင်ပန်းလှပါသည်။ ထို့အပြင် မနက်ဖြန်တွင်လည်း နောက်ထပ် လူနာနှစ်ယောက် ဝိုက်ခွဲပြီးလျှင် ဒွေး ဆီရောက်လာအုံးမည်ဟု ဒွေး သတင်းရထားပါသည်။ ဗိုက်ခွဲဆိုးသည်မှာ major operation များမှာ များသောအားဖြင့် နေ့လည်ဖက်တွင်သာ ရောက်လာလေ့ ရှိသဖြင့် နေ့လည် ၂နာရီမှ ည ၉း၃၀နာရီအထိ တာဝန်ကျမည့် ဒွေး မှာရှောင်၍ မလွတ်ပါ။ ဤအရာများကို ကြို၍တွေးကာ စိတ်မောနေမိသည်။ သို့သော်လည်း ဘုရားရှင်ထံ ခွန်အားတောင်းခံခြင်းဖြင့် အရာရာကို ကျော်လွှားဖို့ ဆုံးဖြတ်ထား ပါသည်။

"ဒေါက်…ဒေါက်…ဒေါက်" တံခါးခေါက်သံကြား၍ နာရီကြည့်လိုက်သော် မနက် ၈နာရီ ခွဲတော့မည်။ အဆောင်သူတစ်ဦးက ဒွေး ထံ ဖုန်းလာနေကြောင်း လာပြောခြင်းဖြစ်သည်။ ဌာန အရာရှိက ဒွေး အားခုချက်ခြင်း သူ့ထံလာခဲ့ရန် ပြောခြင်းဖြစ်သဖြင့် စိတ်ထဲတွင် ထိတ်လန့်သွားမိသည်။ နေ့လည် ၂နာရီမှ အလုပ်တက်ရမည် ဖြစ်သောကြောင့် အလုပ်ဝတ်စုံကို မီးပူ မတိုက်ရသေးပါ။ အပြင်အဝတ်အစားနှင့် ရုံးခန်းသို့ အပြေးတပိုင်းနှင့် ရောက်သွားချိန်တွင် သူနာပြု ချုပ်မှာ ဒွေး၏ Nursing officer နှင့် စကားပြောနေသည်ကို တွေ့လိုက် ရသည်။

သူနာပြုချုပ်က ဒွေး အားအရေးတကြီး ခေါ်ရသည့်အကြောင်းကို ရှင်းပြသည်။ ဒွေး ယခုအလုပ်လုပ်နေသော စင်ကာပူရှိ ဆေးရုံသည် မြန်မာပြည်မှ သူနာပြုဆရာမများကို ခေါ်ရန်ရှိကြောင်း၊ အလုပ်ဝင်ခွင့်စာမေးပွဲပင် ဖြေပြီးပြီ ဖြစ်သောကြောင့် နာမည်ပါသောသူများ စာရင်းကို မြန်မာပြည်သို့ပို့၍ ထိုသူတို့၏ ကိုယ်ရေးရာဇဝင်ကို လျှောက်လွှာစာရွက်မှုရင်းပေါ်တွင် ဖြည့်စွက်ကာ တပါတည်း ပြန်ပို့လာရန် အကျယ်တဝင့်မှာကြားနေသည်။ ပေးလာသော လေယာဉ်လက်မှတ် ကို တကယ်မှဟုတ်ရဲ့လားဟု ဆံသယရှိစွာဖြင့် သေချာလှန်ကြည့်ရာ ဒွေး ၏နာမည်နှင့် ရက်စွဲပါ တပ်ထားသည်သာမက ပြန်လာရမည့် ရက်ကိုပါ သတ်မှတ်ထားသည်။ စီးရမည့်လေယာဉ်မှာ M.A.I ဖြစ်သဖြင့် နေ့လည် ၁၂း၅၀ တွင်ထွက်မည်ဖြစ်ရာ အချိန်ကိုကြည့်လိုက်သော် မနက် ၉နာရီခွဲ တော့မည်။ မယုံကြည်နိုင်စွာဖြင့် ဒွေးမှာ အဆောင်သို့ပြန်လာပြီး တစ်ပါတ်စာ အဝတ်အစားကို ကမျာကယာထည့်ကာ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

ဒွေး ၏စိတ်ထဲတွင် ယခုထက်ထိမယုံနိုင်သေးဘဲ စိတ်ထဲတွင်လဲ "မဖြစ် နိုင်ပါဘူး။ တခြားလူတွေဖြစ်ဖြစ် သူတို့တရုတ်လူမျိုးတွေ ဖြစ်ဖြစ် လွှတ်လို့ရရဲ့ သားနဲ့ ငါ့ကိုမှ ဘာ့ကြောင့်ရွေးပြီး လွှတ်ရတာလဲ" ဟုတွေးနေမိသည်။ သို့သော် လည်း နောက်ဆုံးရလိုက်သည့် အဖြေမှာ ဘုရားသခင်၏ ကျေးဇူးတော် သက်သက် ကြောင့် သာဖြစ်ကြောင်း ဝန်ခံကာ ကျေးဇူးတော်ကို ချီးမွမ်းမိပါသည်။ ချန်ဂီ လေဆိပ် သို့ ရောက်သောအခါ ရန်ကုန်တွင်ရှိနေသော အစ်ကို အကြီးဆုံးထံ ဖုန်းဆက်ကာ လေဆိပ်တွင် လာကြိုရန်နှင့် လိုအပ်မည့်အရာများကို ကြိုတင် လုပ်ထားရန် မှာလိုက်သည့်အခါ အစ်ကိုကြီးလည်း အံ့ဩသွားပါသည်။ ဒွေး မထင်မှတ်ပါ။

ယခု ဒွေး လေယာဉ်ပေါ်တွင် အေးဆေးစွာထိုင်ကာ မနေ့ညက ဘုရား ရှင်ထံ ဆုတောင်း ခဲ့သောအချက်ကို ဘုရားသခင် သနား၍ သူ၏ အကြံအစည် တော်ဖြင့် ကောင်းချီးပေးခဲ့သည်ကို ခံစားမိရင်း ကျေးဇူးတော်ကို ချီးမွမ်းနေသည်။ ယနေ့ ဒွေး လူနာများကို ကြည့်စရာ မလိုတော့ပါ။ စိတ်ပင်ပန်းခြင်းများကို တပတ်တာ အနားယူခွင့်ပေးခဲ့သော ဘုရားသခင်၏ သနားခြင်းကရုဏာတော်ကို တွေးရင်း မျက်စိမှိတ်ထားလိုက်သည်။ ဒွေး၏ဘေးတွင် ခရီးသည် တစ်ယောက် လာထိုင်သည် ကို သတိထားမိသော်လည်း မျက်စိကိုမှိတ်လျက် ကျေးဇူးတော်ကို ဆက်၍ ချီးမွမ်းနေမိသည်။ "တီ–တီ–တီ–တီ" ဒွေး စိတ်ကိုသွားသည်။ လေယာဉ် ပေါ်တွင် ဟန်းဖုန်း (Hand phone) များကို ပိတ်ထားရန် သတိပေးကြေငြာထား ပါလျက်နှင့် ဖုန်းကို အသုံးပြုနေသော ဘေးမှလာထိုင်သူကို ရန်တွေ့ရန် မျက်စိဖွင့် လိုက်မိသည်။ "ဟင်" အာမေဋိတ်သံ တစ်လုံးသာ ထွက်လာနိုင်သည်။ ဒွေး အိမ်မက် မက်နေတာပါလား။ သံပါတ်ပေးထားသော နိုးစက်နှင့် နာရီကို လှမ်းကြည့် လိုက်တော့ မနက် ၁၀ နာရီထိုးနေပြီ ဖြစ်သည်။

ဒွေး မက်ခဲ့သော အိမ်မက်ကို ကွင်းကွင်းကွက်ကွက် မှတ်မိနေဆဲပင် မယုံနိုင်စွာဖြင့် ဘေးကို ကြည့်လိုက်တော့ ညက အလွတ်ကျက်ထားသော မှတ်စု များ၊ စာရွက်စာတမ်းများ၊ ကုတင်အောက်တွင် ပြန့်ကျဲနေသည်။ ကုတင်ပေါ်မှ


ထားခိုင်းကာ ခေါင်းထဲတွင် ယခုတိုင် ကျန်နေသေးသော အိမ်မက်ကို မနည်းရှင်းထုတ်ပစ်လိုက်ရသည်။ အိပ်ချင်မူးတူးဖြင့် ထိုင်နေစဉ် "ခေါက်...ခေါက်...ခေါက်" တံခါးခေါက်သံ ကြားလိုက်ရသဖြင့် မျှော်လင့်ခြင်းကြီးစွာနှင့် တံခါးကို ဖွင့်လိုက်သောအခါ တဆောင်တည်းအတူနေသူ ယုံကြည်သူ သူငယ်ချင်းက စာအုပ်လေးတစ်အုပ်ကို ကမ်းပေးကာ "မနေ့ကတည်းက ပေးမလို့ မင်းက အစောကြီး အိပ်သွားတော့ မပေးဖြစ်ဘူး" ဟုပြောကာ သူ့အခန်း သူပြန်သွားသည်။ စာအုပ်၏ ပထမဆုံးမျက်နှာတွင် တွေ့ရသော စာတမ်းတိုလေးမှာ ...

Happy moments-------Praise God
Difficult moments-----Seek God
Quiet moment----------Worship God
Painful moment--------Trust God
Every moment----------thanks God
**And Just Dwell In Him**

ဒွေး စိတ်ထဲတွင် ဝမ်းနည်းဝမ်းသာစွာဖြင့် စာအုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဘုရားရှင်ကို ကျေးဇူးတင်နေမိသည်။ တဆက်တည်းမှာပင် ကိုယ့်အလိုကိုယ့်ဆန္ဒနှင့် ကိုယ်ဖြစ်ချင်ရာကို ဦးစားမပေးတော့ဘဲ၊ ဘုရားသခင်၏ အလိုတော်ကို ဝန်ခံကာ ဘယ်အချိန်တွင်မဆို ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းနိုင်နှင့် ဒွေး၏ဘဝကို ဆက်လက်အသက်ရှင်ဖို့ ဆုံးဖြတ်ထားသည်။ ဤ သက်သေခံချက်ကို ဖတ်ရသော ညီအစ်ကို၊ မောင်နှမများ ဒွေး နှင့်အတူ ကျေးဇူးတော်ချီးမွမ်းနိုင်ပါစေဟု ဒွေး ဆုတောင်းလိုက်ပါသည်။ ( D.DWE )

00000000000000000000000000000000000000000000000000000

# ပေးဆပ်ခြင်း၏ပျော်ရွှင်မှု



ဒီ ပျော်ရွှင်မှုဟာ သင် ဒီလောကမှာ နေရတဲ့ အချိန်၊ နှစ်၊ လ၊ ရက်တွေနဲ့ မတိုင်းတာ ပါဘူး။ သင်လောကမှာ ဘာကောင်းကျိုး ပြုခဲ့သလဲ၊ ဘာပျော်ရွှင်မှုတွေ ပေးခဲ့ သလဲ၊ အဲဒါတွေနဲ့ တိုင်းတာပါတယ်။

နေ့ တစ်နေ့စီတိုင်းမှာ လူတိုင်းအတွက် အခွင့်အရေးတစ်ခုစီ ရှိနေပါတယ်။ အဲဒီ အခွင့်အရေး ကတော့ တစ်ဦးကို တစ်ဦး စိတ်နှလုံးအကြွင်းမဲ့ ချစ်ကြဖို့နဲ့ ဘာကိုမှ မမျှော်လင့်ဘဲ ပေးဆပ်ကြဖို့ ဖြစ်ပါတယ်။

ဒီ ချစ်ခြင်းမေတ္တာနဲ့ ပေးဆပ်ခြင်းတွေဟာ ဘဝရဲ့ လမ်းခရီးတွေမှာ ပျောက်ဆုံးနေပြီး စိတ်ဓါတ်ကျ သောပန်းနွမ်းနယ်နေတဲ့ ခရီးသွားဧည့်သည်များရဲ့ ဘဝကို ပိုပြီးအဓိပ္ပါယ် ရှိလာပါစေလိမ့်မယ်။

ဒါ့အပြင် သူတို့ရဲ့ ဝန်ထုတ်များကိုလဲ ပေါ့ပါးသွားစေပါမယ်။ ဒါကြောင့် မို့ သင် ဒီလောကမှာ အသက်ရှင်ချိန် ဘယ်လောက်ဘဲရှိရှိ အရေးမကြီး ပါဘူး။ ဒီ အသက်ရှင်ချိန် အတွင်းမှာ ကိုယ်ကျိုးမဖက်ဘဲ အကြွင်းမဲ့ ပေးဆပ်ကြပါစို့ ... ...

ဂျူးဂျူ ( The joy of unselfish giving ကဗျာကို ဘာသာပြန်ပါသည်။ )

000 000 000 000 000 000


# ဂျူနိုမရဲ့ အာဝေမ



ဒီနေ့ ကျောင်းပြေးပြီး ရုပ်ရှင် သွားကြည့်တယ်။ ကိုကျော် (ကျော်ဟိန်း)ရဲ့ ကား ပေါ့။ ကောင်းသလား မမေးနဲ့၊ အိမ်က ထွက်လာကတည်းက ကျူရှင်က အပြန် ကျောင်းဆက်သွားမယ်ဆိုတော့ ကျောင်းစတ်စုံ လဲစရာ မလိုတော့ ဘူးပေါ့။ သူငယ်ချင်းတွေနဲ့ ပျော်လိုက်တာ၊ ရုပ်ရှင်ပြီးတဲ့ အချိန်ကလဲ ကျောင်းဆင်းချိန်နဲ့ အံကိုက်ဘဲ ဆိုတော့၊ အားလုံး အိုကေ ...

အိမ်ရောက်တော့ ဗိုက်က ဆာလာပြီလေ။ အိမ်ခန်း ထဲကိုဝင်၊ လွယ်အိတ် ချတုန်း၊ အိပ်ခန်းထဲက အမေက "ကျောင်းက ပြန်လာပြီလား သမီး၊ ဒီနေ့ အမေ နေမကောင်းလို့၊ ဘဲဥချဉ်ရည်ဟင်း ဘဲချက်ထားတယ်။ သမီး ဗိုက်ဆာရောပေါ့၊ စားလိုက်အုံး သမီးရယ်၊ အမေ ခနနားလိုက်အုံးမယ်။ သမီးလဲ ကျူရှင်တဖက် ကျောင်းတဖက်နဲ့ ပင်ပန်းနေပြီပေါ့၊ အမေခူးခပ် မပေးတော့ဘူးနော်၊ သမီးဘာသာ ခူးခပ်ပြီး စားလိုက်တော့" တဲ့...

အမေရယ် သမီးရင်ထဲမှာ စူးရှလွန်းတဲ့ ဝေဒနာ ခံစားလိုက်ရတာ ဘယ်လိုများ ပြောထွက်ပါ့မလဲ... မလေး [ ဂျူလိုင် ]




ကြည့်လိုက်စမ်း သူ့ဘက်
လက်ခုံကလေးရယ်ပါနော်...
လက်ဝါး ငါ့အတွက်...

ခေါင်းနဲ့ ပန်း လှုန်စပ်း
ခေါင်းဘက်မှာ မင်းရဲ့ အနမ်း
ငါ့ ဘက်ခြမ်းမှာ ပန်း

ဒီမယ်လေ မိတ်ဆွေ
တံခါးချင်း တူပေမဲ့လည်း
ဖင်ပေါက်တော့ ကွဲရဲ့...

ညည့်ဝှက်မယ် ရာခဝ်
ယေရှိခေါ် ရဲ့ သစ္စာဖောက်
ဘယ်ဟာကို သုကြောက်...

အညစ်ပုံ ထဲက ရာခဝ်
ဓားသွားထက်က ပျားရည်စက်ကို မလွှမ်း
အဝ်ဖျားထက် သကြားမှုန့်ကို မလျက်
နိုင်မာစွာ ဖက်တွယ်ခဲ့တာက
ရှင်သန်ခြင်းရဲ့ သက်သခင်
စေဖန်ခြင်း မြား၊ ရက်စက်ခြင်း ဓား
မရဏ တံခါးတွေနဲ့ ကပ်လျက်ဆိုပေမဲ့
ယုံကြည်ခြင်း အမြစ်စွဲပြီမို့
ထာဝရအရှင် သက်သခင်အတွက်
ပြောပါစေလေ၊ 'သစ္စာဖောက်'လို့
ထိုးလာတဲ့ လောကီရဲ့ လက်ညှိုး
မြို့ရိုးပေါ်မှာ ရိုက်ချိုးခဲ့ပြီကော ... ...

ဝင်းမြင့်ဦး ( ၂၂-၇-၂၀၀၂ )

သခင့်စကားကို သင့်မိသားစုနှင့် မိတ်ဆွေ များထံ မိတ္တူကူး၍ လက်ဆင့်ကမ်းပေးပို့ ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။